## ၂၀၁၆ ခုနှစ် အစီရင်ခံစာ - မြန်မာနိုင်ငံ ကျေးလက်ဒေသရှိ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများနှင့် လူမှုရေး အပြောင်းအလဲများ

လူမှုရေးနှင့် စီးပွားရေး အရည်အသွေးတို့ ဆန်းစစ်လေ့လာခြင်း သုတေသနလုပ်ငန်း (Qualitative Social and Economic Monitoring of Livelihoods (QSEM) Series) ၏ ယခု နောက်ဆုံးအစီရင်ခံစာသည် ၂၀၁၄ ခုနှစ် ဒီဇင်ဘာလမှ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ဆောင်ရွက်ခဲ့သည့် ပဥ္စမ အကြိမ် သုတေသနလုပ်ငန်းများမှ တွေ့ရှိချက်များကို တင်ပြထားပြီး ၂၀၁၂ မှ ၂၀၁၅ ခုနှစ်အတွင်း သုံးနှစ်တာ ကာလအတွင်း ကနဦး လေ့လာတွေ့ရှိချက်များနှင့် မည်သို့ ကွာခြားသွားသည်ကိုလည်း လေ့လာ ဖော်ထုတ်ထားသည်။

QSEM သုတေသန လုပ်ငန်းသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသရှိ လူနေမှုဘဝကို အချိန်ယူကာ လေ့လာသည့် လုပ်ငန်းတစ်ရပ် (panel study) ဖြစ်သည်။ ပြည်သူတို့၏ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းဆိုင်ရာ ရွေးချယ်မှု ပုံစံများနှင့် ရလဒ်များ၊ ၎င်း တို့၏ စဉ်းစား ရွေးချယ်ပုံများကို ဖြစ်စေသည့် အကြောင်းတရားများ (မြေယာ၊ ကြွေးမြီနှင့် ချေးငွေ၊ ရာသီဥတုပြောင်းလဲမှုနှင့် သဘာဝဘေးအန္တရာယ် စသည့် ကိစ္စရပ်များအပါအဝင်) ကို လေ့လာဆန်းစစ်ထားသည်။ ထို့ပြင် လူမှုရေးနှင့် အုပ်ချုပ်ရေး ယန္တရား အပြောင်းအလဲများက ပြည်သူတို့၏ဘဝအပေါ် သက်ရောက်မှုရှိပုံကိုလည်း လေ့လာထားသည်။ ယခုသုတေသနသည် ကမ္ဘာ့ဘဏ်၊ Enlightened Myanmar Research (EMR) နှင့် အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေအဖွဲ့ (LIFT) တို့ အတူတကွ ပူးပေါင်း ဆောင်ရွက်ခြင်း ဖြစ်သည်။

### အဓိက လေ့လာ တွေ့ရှိချက်များ

- ယခု လေ့လာချက်တွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆက်စပ်သည့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများ၏ အရောင်စုံ အသွေးစုံ ဖြစ်စဉ်ကို တင်ပြထားသည်။ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရှမ်းပြည်နယ်ကဲ့သို့သော ဒေသများတွင် တိုးတက်မှုများရှိခဲ့ပြီး အပူပိုင်းဒေသ ခြောက်သွေ့ရပ်ဝန်းနှင့် ရခိုင်ပြည်နယ်တို့မှာမူ ဈေးကွက်နှင့် ရာသီဥတုမတည်ငြိမ်မှု ဖောက်ပြန်မှုတို့ကို ခံစားနေရဆဲ ဖြစ်သည်။ လုပ်ခလစာများ မြင့်မားလာသော်လည်း လုပ်သား အလိုအပ်ဆုံးအချိန်တွင် လုပ်သားရှားပါးမှုမှာလည်း စိန်ခေါ်မှုတစ်ခု ဖြစ်နေဆဲ ဖြစ်သည်။

- နိုင်ငံတစ်ဝန်းရှိ ကျေးရွာများသည် နိုင်ငံတော် အစိုးရနှင့် အလှူရှင် အဖွဲ့အစည်း အသီးသီးတို့၏ အထောက်အပံ့ဖြင့်ပေးသည့် အတိုးနှုန်း သက်သာသောချေးငွေများ၊ အသေးစားငွေရေးကြေးရေးလုပ်ငန်းနှင့် လည်ပတ်ရန်ပုံငွေအစီအစဉ်များမှ အကျိုးကျေးဇူးများ ခံစားခဲ့ကြရသည်ကို တွေ့ရှိခဲ့ရသည်။

- သုတေသနပြုလုပ်ခဲ့သည့်ဒေသများ၌ ရွှေ့ပြောင်းလုပ်ကိုင်မှုသည် မှန်မှန် မြင့်တက်နေခဲ့ပြီး ရွှေ့ပြောင်းသွားရခြင်း၏ အဓိက အကြောင်းရင်းများမှာ မူလက စားဝတ်နေရေး ဖြေရှင်းရန် ဖြစ်သော်လည်း ယခု အခါ အရင်းအနှီး ရှာဖွေရန် သို့မဟုတ် မိသားစုအတွက် အခြား ဝင်ငွေ ရပေါက်ရလမ်းများကို ဖန်တီးနိုင်ရန် ဖြစ်လာခဲ့သည်။

- ရပ်ကွက်နှင့်ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေ ပြဋ္ဌာန်းပြီးသည့်နောက်ပိုင်း ကျေးရွာအုပ်ချုပ်ရေးပုံစံမှာ ဆက်လက်ပြောင်းလဲနေခဲ့သည်။ ကျေးရွာအုပ်စုများ၏ အုပ်ချုပ်ရေးမှူးများသည် လုပ်ပိုင်ခွင့်ပိုမိုရရှိလာခဲ့ပြီး ကျေးရွာတစ်ရွာချင်းစီ၏ အုပ်ချုပ်ရေးမှူးများ၏သြဇာမှာမူ ကျဆင်းသွားခဲ့သည်။

- ပြည်သူအများသည် အစိုးရကပေးသည့်ဝန်ဆောင်မှုများ ရရှိနိုင်မှု စသည်အပါအဝင် အစိုးရအပေါ် မျှော်လင့်ချက်ပိုမိုမြင့်မားလာပြီး မျှော်လင့်သလိုဖြစ်မလာသည့်အခါ မကျေနပ်မှုများကို ထုတ်ဖော် ပြောဆိုရန် စိတ်အား ထက်သန်လာကြသည်။

- QSEM သုတေသနလုပ်ငန်းတွင် ပါဝင်သည့်ကျေးရွာများတွင် အစိုးရ၏ ပံ့ပိုးမှုများ မြင့်တက်လာသည်ကို လေ့လာ တွေ့ရှိရသော်လည်း ကျေးလက်ဒေသနေ ပြည်သူများသည် ၎င်းတို့အတွက် ရရှိသည့် အကူအညီ အမျိုးအစားတွင် လည်းကောင်း၊ မည်သို့ ဦးတည် ပစ်မှတ်ထား ဆောင်ရွက်သင့်သည့်ဆိုသည့် ဆုံးဖြတ်ချက် အပေါ်တွင် လည်းကောင်း မိမိတို့၏ အမြင်သဘောထားများ သက်ရောက်နိုင်မှုမှာ အားနည်းနေဆဲဖြစ်သည်။